Message Three

## ယုံကြည်ခြင်းအားဖြင့် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ၁တိ၊၁း၄။ ဟေဗြဲ၊၁၁း၁၊ ၆။ ၁၂း၂။ ဂလ၊၂း၁၆၊ ၂၀

**I. ဘုရားသခင်၏စီမံကိန်းသည် ယုံကြည်ခြင်း၌ဖြစ်သည် - ၁တိ၊၁း၄။**

A. ယုံကြည်ခြင်းသည် လူနှင့်အတူ ကိုယ်တော်၏ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်အဖို့ အတုမဲ့သော နည်းလမ်းဖြစ်သည် - ဟေဗြဲ၊၁၁း၆။

B. ဓမ္မသစ်ကျမ်း၌ ယုံကြည်ခြင်းသည် ရည်ညွှန်းချက် နှစ်ခုကို ဆောင်ထားသည် - အပြင်ပိုင်းကျခြင်းနှင့် အတွင်းပိုင်းကျခြင်းတို့ဖြစ်သည်။

1. အပြင်ပိုင်းကျခြင်း ရည်ညွှန်းချက်၌ ယုံကြည်ခြင်းသည် ခရစ်တော်၏ပုဂ္ဂိုလ်တော်နှင့် ကိုယ်တော်၏ ရွေးနုတ်ခြင်းအလုပ်နှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးကို ရည်ညွှန်းသည် - တ၊၆း၇။ ၁၄း၂၂။ ရော၊၁၆း၂၆။ ၁ကော၊၁၆း၁၃။ ၁တိ၊၁း၁၉ခ။ ယု၊၃၊ ၂၀။

2. အတွင်းပိုင်းကျခြင်း ရည်ညွှန်းချက်၌ ယုံကြည်ခြင်းသည် ယုံကြည်လက်ခံခြင်း အပြုအမူကို ရည်ညွှန်းသည် - လု၊၁၈း၈။ မာ၊၁၁း၂၂။

C. ဘုရားသခင်၏ စီမံကိန်းသည် ယုံကြည်ခြင်း၌ရှိသော အကြောင်းအရာ၊ ခရစ်တော်မှတစ်ဆင့် ဘုရားသခင်၌ ယုံကြည်ခြင်း အဝန်းအဝိုင်းနှင့် ဒြပ်သဘာဝ၌ ရှိသည့် အကြောင်းအရာ ဖြစ်သည် - ၁တိ၊၁း၄။

D. မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်သော ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းသည် ဇာတိနယ်ပယ်၌မရှိသလို၊ ပညတ်တရား၏အလုပ်၌လည်း မရှိပါ၊ သို့သော် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် အသစ်မွေးဖွားခြင်းမှတစ်ဆင့် ဖန်ဆင်းခြင်းအသစ်၏ ဝိညာဉ်ဆိုင်ရာ နယ်ပယ်၌ ဖြစ်သည် - ဂလ၊၆း၁၄။ ၃း၂၃-၂၆။

1. ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏သားများဖြစ်ရန် ဘုရားသခင်၏ မွေးဖွားခြင်းခံရပြီး၊ ကိုယ်တော်ကို ထင်ရှားရန် ကိုယ်တော်၏အသက်နှင့် သဘောသဘာဝကို ပါဝင်ဆက်ဆံရကြသည် - အငယ်၊၂၆။ ယော၊၁း၁၂-၁၃။ ၂ပေ၊၁း၄။

2. ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်လာရန် ခရစ်တော်အထဲသို့ ထားရှိခံရကြပြီး၊ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်ဖြစ်တော်မူသမျှအားလုံးကို မျှဝေဆက်ဆံကြရသည် - ယော၊၃း၁၅။ ရော၊၁၂း၄-၅။

E. ယုံကြည်ခြင်းသည် ဓမ္မသစ်၌ ကိုယ်တော်၏လူများနှင့်အတူ ဘုရားသခင် ဆက်ဆံဖြေရှင်းခြင်းပြုသည့် မူအလေ့အလာဖြစ်သည် - ဂလ၊၃း၂၂-၂၄။

**II. ယုံကြည်ခြင်းသည် လူများက ကိုယ်တော်၏ဓမ္မသစ်စီမံကိန်း၌ ဘုရားသခင်ကို ဆက်သွယ်ခြင်းအတွက် အတုမဲ့သော တောင်းဆိုချက်ဖြစ်သည် - ၁တိ၊၁း၄။ ဟေဗြဲ၊၁၁း၁၊ ၆။**

A. ယုံကြည်သူများကို ဖြောင့်မတ်ရာသို့ရောက်စေသော ခရစ်တော်၌ ယုံကြည်ခြင်းသည် ဘုရားသခင့်သားတော်၏ ပုဂ္ဂိုလ်တော်အား အဖိုးအထိုက်တန်ဆုံးသောအရှင်အဖြစ် သူတို့၏ တန်ဖိုးထားလေးမြတ်ခြင်းနှင့် ဆက်နွယ်နေသည် - ၁၂း၂။

1. ယုံကြည်ခြင်း၏ အတွေ့အကြုံဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းခြင်းရှိသော ယေရှု၏ အဖိုးထိုက်တန်ခြင်းပင်ဖြစ်သည်။

2. စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်ကိုယ်တော်တိုင် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းလျက်၊ ကိုယ်တော်၌ ယုံကြည်လက်ခံရန် ကျွန်ုပ်တို့၏ စွမ်းရည်ဖြစ်လာခြင်း ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းခံရပြီးနောက် ကိုယ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဖြစ်လာသည်။

B. ခရစ်တော်၌ ကျွန်ုပ်တို့ယုံကြည်လက်ခံသောအခါ ကိုယ်တော်အထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်ကြသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ခရစ်တော်အထဲသို့ ယုံကြည်လက်ခံကြပြီး၊ ထိုသို့ဖြင့် ကိုယ်တော်နှင့်အတူ တစ်ဝိညာဉ်တည်း ဖြစ်ကြသည် - ယော၊၃း၁၅။ ၁ကော၊၆း၁၇။

C. ဘုရားသခင့်သားတော်၏ ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့၌ရှိသော ယေရှုခရစ်တော်၏ ယုံကြည်ခြင်းကို ရည်ညွှန်းပြီး၊ ယင်းသည် ကျွန်ုပ်တို့က ကိုယ်တော်၌ ယုံကြည်လက်ခံကြသည့် ယုံကြည်ခြင်း ဖြစ်လာသည် - ရော၊၃း၂၂၊ ၂၆။

1. ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကြည့်ရှုခြင်း၊ ကိုယ်တော်ကို ကြားနာခြင်း၊ ကိုယ်တော်ကို တန်ဖိုးထားခြင်း ရှိကြစဉ်၊ ကိုယ်တော်သည် ယုံကြည်ခြင်းကို ကျွန်ုပ်တို့၌ ဖြစ်ပွားလာစေပြီး၊ ကျွန်ုပ်တို့အား ကိုယ်တော်၌ ယုံကြည်လက်ခံရန် တတ်စွမ်းစေသည် - မ၊၁၇း၅။ ဟေဗြဲ၊၁၂း၂။
2. ကိုယ်တော်သည် ကျွန်ုပ်တို့၌ ယုံကြည်ခြင်း ဖြစ်လာပြီး၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၌ ယုံကြည်လက်ခံကြသည်။ ဤယုံကြည်ခြင်းသည် ကိုယ်တော်၌ရှိသော ယုံကြည်ခြင်းဖြစ်ပြီး၊ ကိုယ်တော်ပိုင်ဆိုင်သော ယုံကြည်ခြင်းလည်းဖြစ်သည်။

## III. ယေရှုသည် ယုံကြည်ခြင်း၏ လက်ရာရှင်၊ ယုံကြည်ခြင်းကို အစပြုသူ၊ စတင်ဆောင်ရွက်သူ၊ အရင်းအမြစ်နှင့် အကြောင်းရင်းဖြစ်သည် - ဟေဗြဲ၊၁၂း၂က။

A. ယုံကြည်သူများ၏ ယုံကြည်ခြင်းသည် အမှန်စင်စစ် သူတို့ကိုယ်ပိုင် ယုံကြည်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်သည် သူတို့၏ ယုံကြည်ခြင်းဖြစ်ရန် သူတို့အထဲသို့ ဝင်ရောက်လာခြင်းဖြစ်သည် - ရော၊၃း၂၂။ ဂလ၊၂း၁၆။

1. ကျွန်ုပ်တို့သည် ယေရှုထံသို့ စေ့စေ့မျှော်ကြည့်ကြသောအခါ အသက်ပေးသောဝိညာဉ်တော်အဖြစ် (၁ကော၊၁၅း၄၅ခ) ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ဖြင့်၊ ကိုယ်တော်၏ယုံကြည်ခြင်းဒြပ်သဘာဝဖြင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေးသည်။
2. ဤယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကိုယ်တိုင်၏ အရာမဟုတ်ဘဲ၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ယုံကြည်ခြင်းဒြပ်သဘာဝအဖြစ် ဖြည့်သွင်းပေးသော ကိုယ်တော်၏အရာဖြစ်ကာ၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ယုံကြည်ပေးနိုင်မည်ဖြစ်သည်။

B. ယုံကြည်ခြင်းသည် မျက်မှောက်ပြုစေနိုင်သော စွမ်းရည်၊ "ဆဋ္ဌမအာရုံ" ဖြစ်ပြီး၊ ယင်းအားဖြင့် ကျွန်ုပ်တို့က မမြင်ရသောအရာများ သို့မဟုတ် မျှော်လင့်ရသောအရာများကို မျက်မှောက်ပြုခြင်း၊ သက်သေပြခြင်း ပြုကြသည် - ဟေဗြဲ၊၁၁း၁။

1. ကျွန်ုပ်တို့သည် မြင်ရသောအရာများကို အလေးထားခြင်း၊ ကြည့်ရှုခြင်းမဟုတ်ဘဲ၊ မမြင်ရသောအရာများကို ကြည့်ရှုခြင်းဖြစ်သည် - ၂ကော၊၄း၁၈။
   a. ခရစ်ယာန်အသက်တာသည် မမြင်ရသောအရာများ၏ အသက်တာဖြစ်သည် - ရော၊၈း၂၄-၂၅။ ဟေဗြဲ၊၁၁း၂၇။ ၁ပေ၊၁း၈။ ၂ကော၊၄း၁၈။
   b. အသင်းတော်၏ ကျဆင်းယိုယွင်းခြင်းမှာ မမြင်ရသောအရာများမှ မြင်ရသောအရာများသို့ ကျဆင်းယိုယွင်းသွားခြင်းဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏အသင်းတော်ကို မြင်ရသောအရာများမှ မမြင်ရသောအရာများသို့ ပြန်လည်ရယူခြင်းဖြစ်သည်။
2. ယုံကြည်ခြင်းသည် မမြင်ရသောအရာများကို စိတ်ချသေချာမှုပေးပြီး၊ ကျွန်ုပ်တို့မမြင်ရသောအရာများကို သိမှတ်စွဲလမ်းခြင်း ရှိစေသည်။ ထို့ကြောင့် ၎င်းသည် မမြင်ရသောအရာများ၏ သက်သေ၊ သက်သေပြချက် ဖြစ်သည်။
3. ယုံကြည်ခြင်းသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ယုံကြည်လက်ခံခြင်းဖြစ်သည်။ ဘုရားသခင်ဖြစ်တော်မူကြောင်း ယုံကြည်လက်ခံခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်တော်မူကြောင်း၊ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း ယုံကြည်ခြင်းဖြစ်သည် - ဟေဗြဲ၊၁၁း၆။ ဒေ၊၁း၂။

## IV. ယေရှုသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စုံလင်စေသူ၊ ပြီးစီးစေသူ၊ ပြည့်စုံစေသူဖြစ်သည် - ဟေဗြဲ၊၁၂း၂က။

A. ကျွန်ုပ်တို့သည် ကိုယ်တော်ကို စဉ်ဆက်မပြတ် စေ့စေ့ကြည့်ရှုကြသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ရှေ့မှာ ချထားသော ပြေးပွဲကို ပြေးခြင်းအတွက် ကျွန်ုပ်တို့လိုအပ်နေသည့် ယုံကြည်ခြင်းကို ပြီးစီးစေမည်၊ ပြည့်စုံမည်ဖြစ်သည် - အငယ်၊၁ခ-၂က။

B. ကျွန်ုပ်အားလုံး၌ အရည်အချင်းတွင် တူညီသော ယုံကြည်ခြင်းရှိကြသည်၊ သို့သော် ကျွန်ုပ်တို့ရှိသည့် ယုံကြည်ခြင်းအရေအတွက်မှာ ကျွန်ုပ်တို့သည် အသက်ရှင်သော ဘုရားသခင်ကို မည်မျှ ဆက်သွယ်၍၊ကိုယ်တော်သည် ကျွန်ုပ်တို့၌ မည်မျှတိုးပွားသည်ဆိုသည့်အပေါ် မူတည်သည် - ရော၊၁၂း၃။ ၂ကော၊၃း၁၈။

C. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်းမှ လျှံထွက်စီးဆင်းလာပြီး၊ ကျွန်ုပ်တို့အလယ်တွင် ယုံကြည်ခြင်း၏ အပြန်အလှန်ဖြစ်ခြင်း ရှိလာသည်။ ကျွန်ုပ်တို့သည် အချင်းချင်းတို့၌ရှိသော ယုံကြည်ခြင်းမှတစ်ဆင့် ခွန်အားပေးခြင်း ခံရကြသည် - ရော၊၁း၁၂။ ဖိလေ၊၆။